# ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 3, Vol: 2/2026

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက် (တနင်္လာနေ့)

---

## BRICS အဖွဲ့ဝင် ရုရှားနိုင်ငံက ဧပြီ ၁ ရက်မှစ၍ ဓာတ်ဆီတင်ပို့မှုကို ပိတ်ပင်မည်

စာမျက်နှာ ၁




## ထရမ့်က အခွန်စည်းကြပ်မှုများအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အခြားသော စီးပွားရေးနိုင်ငံများအပေါ် ကုန်သွယ်ရေးစုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်ခဲ့

စာမျက်နှာ ၉



## အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ဗြိတိန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ပိုမိုမြင့်တက်လာခဲ့

စာမျက်နှာ ၁၇



## အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ခဲ့

စာမျက်နှာ ၁၈



# သတင်းများ


| | | |
|---|---|---|
| BRICS အဖွဲ့ဝင် ရုရှားနိုင်ငံက ဧပြီ ၁ ရက်မှစ၍ ဓာတ်ဆီတင်ပို့မှုကို ပိတ်ပင်မည် | ဒေါ်ဇာလီနွယ် (UMO) | ၁ |
| အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခဖြစ်ပွားမှုများ ကြာရှည်လာပါက ကုန်စျေးနှုန်း မြင့်တက်မှုဒဏ် ကို စင်ကာပူနိုင်ငံက ခံစားရနိုင်ကြောင်း စင်ကာပူဒုတိယ ဝန်ကြီးချုပ် Gan Kim Yong ပြောကြား | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၂ |
| စင်ကာပူနိုင်ငံနှင့် ဥရုဂွေးနိုင်ငံ တို့အကြား MERCOSUR - စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (MERCOSUR-Singapore Free Trade Agreement) အသက်ဝင်ပြီဖြစ် | ဒေါ်သွယ်သွယ်ဆုတင် (DICA) | ၅ |
| လေယာဉ်လောင်စာဆီ အကျပ်အတည်း မြင့်တက်ခြင်းကြောင့် ဗီယက်နမ် လေကြောင်းလိုင်းက ခရီးစဉ်အချို့ကို ရပ်ဆိုင်းထားမည် | ဦးရဲမင်းထက် (DICA) | ၇ |
| ထရမ့်က အခွန်စည်းကြပ်မှုများအပြင် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် အခြားသော စီးပွားရေးနိုင်ငံများအပေါ် ကုန်သွယ်ရေးစုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်ခဲ့ | ဒေါ်ယမင်းသော် (FERD) | ၉ |
| စွမ်းအင်စျေးနှုန်း မြင့်တက်လာမှုကို ထိန်းချုပ်ရန် အိမ်မှ အလုပ်လုပ်ခြင်းဖြင့် လေကြောင်း ခရီးရှောင်ခြင်းတို့ ပြုလုပ်ရန် IEA အဆိုပြု | ဒေါ်စန်းစန်းမာ (FERD) | ၁၁ |
| ဗီယက်နမ်နှင့် ရုရှားတို့ စွမ်းအင်သဘောတူညီချက် လက်မှတ်ရေးထိုးမည် | ဒေါ်မေမြင့်ဗိုလ် (FERD) | ၁၂ |
| အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား လောင်စာဆီ မျှဝေရေး သဘောတူညီချက်အတွက် ညှိနှိုင်း ဆောင်ရွက်လျက်ရှိ | ဒေါ်ဆုရွှန်းလဲ့ခင် (FERD) | ၁၄ |

# သတင်းများ


| | | |
|---|---|---|
| ဂျပန်တွင် ဓာတ်ဆီဆိုင်ရာ ထောက်ပံ့ကြေးများ အတွက် ရန်ပုံငွေ ပို၍လိုအပ်လာနေ | ဦးသူရိန်ကိုကို (FERD) | ၁၆ |
| အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ဗြိတိန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ပိုမိုမြင့်တက်လာခဲ့ | ဒေါ်အိသက်ခိုင် (UMO) | ၁၇ |
| အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ခဲ့ | ဒေါ်ဆုအိမ်သူ (UMO) | ၁၈ |
| ယူကေတွင် ဆယ်ကျော်သက်များအတွက် ဆိုရှယ် မီဒီယာ ပိတ်ပင်ရန် အဆိုပြုချက် ပယ်ချခံရပြီးနောက် ကလေးသူငယ် ဘေးကင်းလုံခြုံရေး ပိုမိုတင်းကျပ်ရန် တိုက်တွန်း | ဒေါ်လှိုင်ရွှေစင်ထွန်း (UMO) | ၂၀ |

# BRICS အဖွဲ့ဝင် ရုရှားနိုင်ငံက ဧပြီ ၁ ရက်မှစ၍ ဓာတ်ဆီတင်ပို့မှုကို ပိတ်ပင်မည်

ရုရှားအစိုးရ၏ ထုတ်ပြန်ချက်အရ လာမည့် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှ စတင်ကာ ပြည်ပသို့ ဓာတ်ဆီတင်ပို့မှုများကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ရုရှားဒုတိယဝန်ကြီးချုပ် Alexander Novak က အဆိုပါ ပိတ်ပင်ကန့်သတ်ချက်အတွက် လိုအပ်သည့် ဆုံးဖြတ်ချက်မူကြမ်းကို ၂၀၂၄ ခုနှစ်၊ ဧပြီ ၁ ရက် မတိုင်မီ အပြီးသတ်ရေးဆွဲရန် စွမ်းအင်ဝန်ကြီးဌာနအား ညွှန်ကြားထားပြီးဖြစ်ကြောင်းနှင့် Novak သည် ယင်းကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရုရှားရေနံကုမ္ပဏီများနှင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။




အမေရိကန်၊ အစ္စရေးနှင့် အီရန်တို့ကြား ဖြစ်ပွားနေသော စစ်ရေးတင်းမာမှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် ရေနံစျေးနှုန်းများ တဟုန်ထိုး မြင့်တက်လျက် ရှိပါသည်။ ရုရှားနိုင်ငံအနေဖြင့် ပြည်တွင်း လောင်စာဆီ စျေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန်နှင့် ဆီပြတ်လပ်မှု အန္တရာယ်ကို ကျော်လွှားရန်အတွက် ဓာတ်ဆီနှင့် ဒီဇယ်တင်ပို့မှုများကို အကြိမ်ကြိမ်ကန့်သတ်ခဲ့ရပါသည်။ ထို့ပြင် ယူကရိန်း၏ ဒရုန်းတိုက်ခိုက်မှုများကြောင့် ရုရှားနိုင်ငံ၏ ရေနံတင်ပို့နိုင်စွမ်း အနည်းဆုံး ၄၀ ရာခိုင်နှုန်းခန့်မှာ ရပ်တန့်နေကြောင်း သတင်းထွက်ပေါ်ခဲ့ပါသည်။ ယခုချမှတ်လိုက်သည့် ပိတ်ပင်မှုသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ အတည်ဖြစ်မည်ဟု ရုရှားသတင်းဌာနများက အတည်ပြုထားကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ကမူ ရုရှားစွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညွှန်ကြားရေးမှူး Anton Rubtsov က ဓာတ်ဆီတင်ပို့မှု ပိတ်ပင်ရန်ကိစ္စမှာ လက်တလောတွင် အလွန်အမင်း အရေးတကြီးလိုအပ် နေခြင်းမျိုး မရှိသေးသော်လည်း အခြေအနေအရ အစိုးရက ဆုံးဖြတ်နိုင်ခြေ ရှိကြောင်းပြောကြားခဲ့ပါသည်။ ယခုအခါ ရုရှားသည် အဆိုပါပိတ်ပင်မှုကို လက်တွေ့အကောင်

အထည်ဖော်ရန် ပြင်ဆင်လာပြီဖြစ်ပါသည်။

အီရန်-အစ္စရေး စစ်ပွဲကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ယခုလ အစောပိုင်းတွင် အမေရိကန်က အခြားနိုင်ငံများအနေဖြင့် ရုရှားရေနံကို ဝယ်ယူနိုင်ရန် ရက်ပေါင်း ၃၀ သတ်မှတ်ချက်ဖြင့် ကင်းလွတ်ခွင့် (Waiver) ပေးခဲ့ပါသည်။ ကမ္ဘာ့ဈေးကွက်တွင် ရိုက်ခတ်မှုများ ပြင်းထန်လာချိန်တွင်မှ စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်၊ အရှေ့တိုင်းစံတော်ချိန် နံနက် ၉ နာရီအထိ Brent ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၁၀၅.၈၅ ဒေါ်လာအထိ ရောက်ရှိနေပြီး ယင်းဈေးနှုန်းသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းထက် ၆.၁၀ ဒေါ်လာ ပိုများလာသကဲ့သို့ လွန်ခဲ့သည့် တစ်နှစ်ကထက် ၃၂ ဒေါ်လာခန့် ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source: https://watcher.guru/news/brics-russia-to-introduce-ban-on-gasoline-exports-from-april-1

ဒေါ်ဇာလီနွယ်
ဒုတိယညွှန်ကြားရေးမှူး
ဦးစီးရုံး (ညွှန်ကြားရေးမှူးချုပ်ရုံးခန်း)
ပြည်ထောင်စုဝန်ကြီးရုံး

---

**အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခဖြစ်ပွားမှုများ ကြာရှည်လာပါက ကုန်ဈေးနှုန်း မြင့်တက်မှုဒဏ် ကို စင်ကာပူနိုင်ငံက ခံစားရနိုင်ကြောင်း စင်ကာပူဒုတိယ ဝန်ကြီးချုပ် Gan Kim Yong ပြောကြား**

အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခဖြစ်ပွားမှုများ ကြာရှည်လာပါက ကုန်ဈေးနှုန်း မြင့်တက်မှုဒဏ်ကို စင်ကာပူနိုင်ငံက ခံစားရနိုင်ကြောင်း၊ ပထဝီနိုင်ငံရေးပဋိပက္ခများသည် စင်ကာပူနိုင်ငံကဲ့သို့ နိုင်ငံငယ်လေး တစ်ခုအပေါ် သိသာစွာ သက်ရောက်မှုရှိနိုင်ကြောင်း ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့က လွှတ်တော်တွင် စင်ကာပူဒုတိယဝန်ကြီးချုပ် Gan Kim Yong က ပြောကြားခဲ့မှုကို The Straits Times သတင်းစာတွင် **"Prolonged Mid-East conflict may push up price: Gan"** ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိပါသည်။



ဒုတိယဝန်ကြီးချုပ် Gan Kim Yong က "ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့အရည် သယ်ယူပို့ဆောင်သည့် အဓိကရေလက်ကြားဖြစ်သော ဟော်မုဒ် (Hormuz) ရေလက်ကြားကို အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံကို စတင်တိုက်ခိုက်သည့် အချိန်မှစ၍ ပိတ်ထားခဲ့ကြောင်း၊ အီရန်နိုင်ငံက ပြန်လည် တုံ့ပြန်သည့်အနေဖြင့် ဒေသအတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာတစ်ဝှမ်း၌ စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း၊ ပဋိပက္ခဖြစ်ပွားမှု အချိန်ကာလ ကြာမြင့်မှုအပေါ် မူတည်၍ စွမ်းအင်ဈေးနှုန်း ပိုမိုမြင့်တက်လာပြီး စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများသည် ဈေးနှုန်းမြင့်တက်မှုကို ခံစားရနိုင်ကြောင်း၊ စင်ကာပူနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုများကို သေချာစွာစောင့်ကြည့်လျက်ရှိပြီး လိုအပ်ပါက ငွေကြေးဖောင်းပွမှုနှင့် ဂျီဒီပီခန့်မှန်းချက်များကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

"သွင်းကုန်အခွန်နှုန်းများသည် စင်ကာပူနိုင်ငံ၏ စီးပွားရေးကို ဆက်လက်ထိခိုက်နိုင်ကြောင်း၊ စင်ကာပူနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား သွင်းကုန်အခွန်နှုန်းသာမက ပိုမိုအရေးကြီးသည့် အချက်မှာ လက်ရှိလုပ်ငန်း ဆောင်ရွက်နေသည့်ဝန်းကျင်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ သွင်းကုန်အပေါ်ကောက်ခံသည့် အခွန်နှုန်းများကြောင့် မရေရာသည့် အခြေအနေများသည် စင်ကာပူနိုင်ငံ၏ စီးပွားရေးအပေါ် သိသာသည့် သက်ရောက်မှုရှိနိုင်ကြောင်း၊ ဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် သွင်းကုန်အခွန်နှုန်းများ၏ သက်ရောက်မှုကို တန်ပြန်နိုင်ရေးအတွက် စင်ကာပူနိုင်ငံ၏ စီးပွားရေးအခြေအနေ ကြံ့ကြံ့ခံနိုင်မှုအားကောင်းစေရန် Budget 2026 တွင် အစီအမံများ များစွာပါဝင်ကြောင်း" ပြောကြားခဲ့ပါသည်။

စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore - MAS) က ပြည်တွင်းစီးပွားရေးနှင့် ဘဏ္ဍာရေးစနစ်များအပေါ် သက်ရောက်မှုကို ဆန်းစစ်လျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်မှုနှင့် ငွေကြေး

ဈေးကွက်မှာ ပုံမှန်အတိုင်းလည်ပတ် လျက်ရှိနေကြောင်း” မတ်လ ၂ ရက်နေ့ ထွက်တော်တွင် ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ရေနံ ဈေးကွက်အတွက် အဓိကစံနှုန်းတစ်ခုဖြစ်သည့် Brent crude သည် ၂၀၂၆ ခုနှစ် အစောပိုင်းတွင် ရေနံစည် ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၈၂.၃၇ အထိမြင့်တက်ခဲ့ပြီး အဆိုပါ ပမာဏမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အမြင့်ဆုံးဈေးနှုန်းဖြစ်ပါသည်။ ရေနံစိမ်းဈေး မြင့်တက်မှုကြောင့် ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် သယ်ယူကြမည့် ကုန်စည်များအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ဟော်မုဇ်ရေလက်ကြားမှာ ပါရှန်းပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာကို ဆက်သွယ်ထားပြီး ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ကို ပဋ္ဌမမြောက် အများဆုံး သယ်ယူပို့ဆောင်သည့် လမ်းကြောင်းဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းဒေသမှ အာရှနှင့်ဥရောပဒေသတို့သို့ အဆိုပါ ရေလက်ကြားမှတစ်ဆင့် နေ့စဉ် ရေနံစိမ်းစည် ၁၅ သန်းနှင့် သဘာဝဓာတ်ငွေ့ သန်း ၂၉၀ ကုဗမီတာ ဖြတ်သန်းသယ်ဆောင်လျက်ရှိပါသည်။ အာမခံကုမ္ပဏီများက အာမခံမူဝါဒများကို ပယ်ဖျက်ကြောင်းနှင့် ဒေသတွင်းအတွက် အလုံးစုံအကျုံးဝင်သည့် အာမခံနှုန်းထားများ မြင့်တက်မည်ဖြစ်ကြောင်း သင်္ဘောကုမ္ပဏီများကို အသိပေးခဲ့သောကြောင့် ပဋိပက္ခများ စတင်သည့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ ဟော်မုဇ်ရေလက်ကြားမှ ရေနံတင်သင်္ဘောများ ဖြတ်သန်းသွားလာမှုများ အများအပြား ရပ်နားခဲ့ကြောင်း လေ့လာသူများက ပြောကြားခဲ့ပါသည်။


ဒုတိယဝန်ကြီးချုပ်က စင်ကာပူနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသမှ လုံလောက်သည့် စွမ်းအင်ထောက်ပံ့မှုရရှိထားကြောင်း၊ စွမ်းအင်ထောက်ပံ့မှုတွင် ဖြစ်ပေါ်လာနိုင်သည့် ပြင်ပအနှောင့်အယှက်များကို ကာကွယ်နိုင်သည့် အစီအမံများ ရှိကြောင်းနှင့် အချို့အစီအမံများမှာ လျှို့ဝှက်နှင့်လုံခြုံရေးအရ အများပြည်သူကို ပြောကြားနိုင်ခြင်းမရှိကြောင်း” ပြောကြားခဲ့ပါသည်။

Source: The Straits Times

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့် ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## စင်ကာပူနိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့အကြား MERCOSUR - စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (MERCOSUR-Singapore Free Trade Agreement) အသက်ဝင်ပြီဖြစ်

MERCOSUR - စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (MERCOSUR-Singapore Free Trade Agreement) သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ တွင် စင်ကာပူနိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့အတွက် အသက်ဝင်ပြီဖြစ်ကြောင်း၊ သဘောတူစာချုပ် အသက်ဝင်မှုသည် အာရှ - ပစိဖိတ်ဒေသသို့ ဈေးကွက်ဝင်ရောက်ရန် မဟာဗျူဟာကျသည့် လမ်းကြောင်းတစ်ခုကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေမည် ဖြစ်သောကြောင့် MERCOSUR အတွက် မှတ်တိုင် တစ်ခုဖြစ်ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။




ဥရုဂွေး နိုင်ငံအတွက် MERCOSUR - စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (MERCOSUR-Singapore Free Trade Agreement) သည် ဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် နိုင်ငံတကာ စီးပွားရေး မျှော်မှန်းချက် ခိုင်မာစေရန် (အထူးသဖြင့် အရှေ့တောင်အာရှ) မဟာဗျူဟာကျပြီး အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ MERCOSUR - စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်သည် ကုန်စည်နှင့်ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရ၏ဝယ်ယူရေးဆိုင်ရာကိစ္စများ၊ အသိဉာဏ်ပိုင်ဆိုင်မှု၊ e-commerce၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ခေတ်မီစည်းမျဉ်းများ ပါဝင်သည့် စာချုပ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် စာချုပ်အကောင်အထည် ဖော်နိုင်မှုသည် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်ရန်၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ ခန့်မှန်းနိုင်မှုကိုမြှင့်တင်ရန်၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဆွဲဆောင်နိုင်ရန်အတွက် ကောင်းမွန်သည့်အခြေအနေများ ဖန်တီးနိုင်ရန် မျှော်မှန်းထားပါသည်။

စာချုပ်အရ ကုန်စည်ကုန်သွယ်မှုတွင် သွင်းကုန်အပေါ်ကောက်ခံသည့်

အခွန်ကို ၁၅ နှစ်အတွင်း ၉၆ % နီးပါး ပယ်ဖျက်ပေးမည်ဖြစ်ပြီး ကုန်စည်အမျိုးအစား ၂၅ % ကို သွင်းကုန်အခွန် ချက်ချင်းဖြေလျှော့ပေးမည်ဖြစ်ပါသည်။ အကောက်ခွန်မဟုတ်သော အစီအမံများနှင့် ပိုးမွှားရောဂါ ကင်းရှင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေမည်ဖြစ်ပြီး ဈေးကွက်ဝင်ရောက်နိုင်စေမည် ဖြစ်ပါသည်။ ဥရုဂွေးနိုင်ငံအတွက် နို့ထွက်ပစ္စည်းကဏ္ဍကဲ့သို့သော အဓိကထုတ်လုပ်မှုကဏ္ဍများတွင် ကောင်းမွန်သည့် သက်ရောက်မှုများ ရရှိလာမည်ဖြစ်ပြီး စင်ကာပူနိုင်ငံအတွက် ကုန်စည်ထောက်ပံ့မှုကွင်းဆက် ကြံ့ကြံ့ခံနိုင်စေမည်ဖြစ်ကာ နိုင်ငံအများအပြားသို့ ဈေးကွက်ချဲ့ထွင်နိုင်မည်ဖြစ်ပါသည်။ စင်ကာပူကုမ္ပဏီ ၂၀၀ နီးပါးမှာ MERCOSUR နိုင်ငံများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ MERCOSUR နိုင်ငံများနှင့် ကုန်စည်ကုန်သွယ်မှုမှာ လက်တင်အမေရိကနှင့် ကုန်သွယ်မှု၏ ၃၀ % ကျော်ရှိပါသည်။

စင်ကာပူနိုင်ငံအနေဖြင့် ၎င်း၏ စီးပွားရေးလုပ်ငန်းများ ပြည်ပနိုင်ငံများတွင် ဈေးကွက် ဝင်ရောက်မှု ပိုမိုရရှိစေရေးအတွက် ဈေးကွက်ချဲ့ထွင်ရေး နည်းလမ်းတစ်ခုအဖြစ် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ၊ ဒေသတွင်းကုန်သွယ်ရေးသဘောတူ စာချုပ်များကို အသုံးပြုလျက်ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source: Ministry of Trade and Industry, Singapore

ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့် ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## လေယာဉ်လောင်စာဆီအကျပ်အတည်း မြင့်တက်ခြင်းကြောင့် ဗီယက်နမ် လေကြောင်းလိုင်းက ခရီးစဉ်အချို့ကို ရပ်ဆိုင်းထားမည်

အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများကြောင့် လေယာဉ်ဆီပြတ်လပ်မှုနှင့် လောင်စာဆီ ဈေးနှုန်းများမြင့်တက်လာခြင်းက ဗီယက်နမ်နိုင်ငံ၏ လေကြောင်း ခရီးသွားလာမှုကို စတင်ထိခိုက်လာခြင်းကြောင့် ဗီယက်နမ်လေကြောင်းလိုင်းသည် ပြည်တွင်းလေကြောင်းလိုင်းအချို့၏ လေယာဉ်ခရီးစဉ်များကို ယာယီရပ်ဆိုင်း ထားမည်ဖြစ်ကြောင်း သိရှိရသည်။

ဗီယက်နမ် အရပ်ဘက် လေကြောင်းအာဏာပိုင်အဖွဲ့၏ ကြေညာချက် တစ်ခုအရ နိုင်ငံ၏အမျိုးသားအလံတင် လေကြောင်းလိုင်းသည် ဂျက်လေယာဉ် လောင်စာဆီထောက်ပံ့မှု တင်းကျပ်လာခြင်းကြောင့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ တစ်ပတ်လျှင် လေယာဉ်ခရီးစဉ် ၂၃ ခုခန့် လျှော့ချသွားမည် ဖြစ်သည်။ ထို့အပြင် VietJet Aviation JSC သည် ၎င်း၏ လေယာဉ်လက်မှတ် ရောင်းချရေး ဝက်ဘ်ဆိုက်ရှိ အချိန်ဇယားများအရ လမ်းကြောင်းအချို့တွင် လေယာဉ်ခရီးစဉ်များကို လျှော့ချနေသည်။

Bamboo Airways သည် ခရီးသွားလာမှု အများဆုံးကာလအတွင်း လေယာဉ်ခရီးစဉ်များကို ထိန်းသိမ်းရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ရေနံဈေးနှုန်းများ ဆက်လက်မြင့်မားနေပါက ယမန်နှစ်ကထက် ပျံသန်းမှုကြိမ်နှုန်းများ လျော့နည်း နိုင်ကြောင်း လေကြောင်းလိုင်းက ကြေညာချက် တစ်စောင်တွင် ပြောကြားခဲ့သည်။ ဗီယက်နမ်အစိုးရအနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအခွန်နှင့် လေယာဉ် လောင်စာဆီ အခွန်များကို ထပ်မံလျှော့ချခြင်းအပါအဝင် လေကြောင်းလိုင်းများအား ပိုမို ပံ့ပိုးမှုပေးရန်လည်း တောင်းဆိုထားသည်။

အီရန်စစ်ပွဲဖြစ်ပွားပြီးနောက် ဗီယက်နမ်သည် စွမ်းအင်လုံခြုံရေးကို မြှင့်တင်ရန်လှုပ်ရှားခဲ့ပြီး ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ရေနံနှင့်သဘာဝ ဓာတ်ငွေ့တင်ပို့မှုကို ရပ်တန့်လိုက်ခြင်းကြောင့် လောင်စာဆီ ဈေးနှုန်းများမြင့် တက်ခြင်းနှင့် စက်သုံးဆီဆိုင်များတွင် ရှည်လျားသော လူတန်းရှည်များ ဖြစ်ပေါ် လာခဲ့သည်။ ဗီယက်နမ်တွင် ပြည်တွင်းလိုအပ်ချက်၏ ၇၀% ခန့်ကို ထောက်ပံ့ပေး သည့် ပြည်တွင်းရေနံချက်စက်ရုံနှစ်ခုရှိသော်လည်း တင်သွင်းသည့် ရေနံစိမ်း၏ ၈၀% ကျော်သည် အရှေ့ အလယ်ပိုင်းမှ လာခြင်းဖြစ်သည်။




လေကြောင်း အေဂျင်စီက ယခုလ အစောပိုင်းတွင် ပေးသွင်းသူများသည် ပို့ဆောင်မှုများကို နှောင့်နှေးစေခြင်း သို့မဟုတ် စာချုပ်များကို ရပ်ဆိုင်းရန် မမျှော်လင့် ထားသော စည်းကမ်းချက်များကို အသုံးချခြင်း တို့ကြောင့် ဧပြီလ အစောပိုင်းမှစ၍ ဂျက်လေယာဉ်လောင်စာဆီပြတ်လပ်မှု ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးခဲ့သည်။ ဗီယက်နမ်၏ ဂျက်လေယာဉ်လောင်စာဆီ၏ ၇၀% ခန့်ကို တရုတ်နှင့် ထိုင်းနိုင်ငံမှ အဓိက တင်သွင်းခြင်းဖြစ်သည်။ အရှေ့တောင်အာရှရှိ အခြားနေရာများတွင် ဖိလစ်ပိုင်ဘတ်ဂျက် လေကြောင်းလိုင်း Cebu Air သည် အရှေ့အလယ်ပိုင်း အကျပ်အတည်းများနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ၂၀၂၆ ခုနှစ်၊ ဧပြီလ မှစ၍ လေယာဉ် ခရီးစဉ်များကို လျှော့ချရန် စီစဉ်ထားကြောင်း လေကြောင်းလိုင်းက ကြေညာချက် တစ်စောင်တွင် ပြောကြားခဲ့သည်။

Source: https://www.bangkokpost.com/business/general/3223280/vietnam-airlines-to-suspend-some-routes-as-jet-fuel-risks-rise

ဦးရဲမင်းထက်
အကြီးတန်းစာရေး
မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ထရမ့်က အခွန်စည်းကြပ်မှုများအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အခြားသော စီးပွားရေးနိုင်ငံများအပေါ် ကုန်သွယ်ရေးစုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်ခဲ့



အမေရိကန်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံအပါအဝင် အခြားသော စီးပွားရေး နိုင်ငံများ၏ မူဝါဒများနှင့် ထုတ်လုပ်မှု နည်းလမ်းများသည် အမေရိကန်၏ ကုန်ထုတ်လုပ်မှုကို ထိခိုက်စေနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုစွမ်းရည် ရှိမရှိကို စစ်ဆေးရန်အတွက် ၁၉၇၄ ခုနှစ်၊ ကုန်သွယ်ရေးအက်ဥပဒေပုဒ်မ ၃၀၁ အရ ကုန်သွယ်ရေး စုံစမ်းစစ်ဆေးမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် စတင်ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါစုံစမ်းစစ်ဆေးမှုသည် အခြားသော စီးပွားရေး နိုင်ငံများ၏ ဆောင်ရွက်ချက်များ၊ မူဝါဒများနှင့် အလေ့အကျင့်များသည် ကျိုးကြောင်းဆီလျော်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှု ရှိ မရှိနှင့် အမေရိကန် ကုန်သွယ်ရေးကို အဟန့်အတားဖြစ်စေခြင်း သို့မဟုတ် ကန့်သတ်ခြင်း ရှိ မရှိကို ဆုံးဖြတ်မည်ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့က ထုတ်ပြန်ခဲ့သည့် United States Trade Representative- USTR ၏ ထုတ်ပြန်ချက်အရ အခြားနိုင်ငံများတွင် တရုတ်၊ ဥရောပသမဂ္ဂ၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ နော်ဝေး၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ မက္ကဆီကို၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အမေရိကန် အလုပ်သမားများအတွက် ဝင်ငွေကောင်းမွန်သောအလုပ်အကိုင်များကို ပံ့ပိုးပေးရန်နှင့် ထောက်ပံ့ရေး ကွင်းဆက်များကို ပြန်လည်ထူထောင်ရန်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့ပါသည်။

အမေရိကန်သမ္မတထရမ့်၏ စက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ရန် ကြိုးပမ်းချက်များသည် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ၏ ဖွဲ့စည်းမှုဆိုင်ရာ သာလွန်စွမ်းရည် (Excess Capacity) နှင့် ထုတ်လုပ်ရေးကဏ္ဍများကြောင့်

စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ကြောင်းနှင့် ကဏ္ဍများစွာတွင်လည်း အမေရိကန်၏ ကုန်သွယ်ဖက်များသည် ပြည်တွင်း၌ စားသုံးနိုင်သည်ထက် ကုန်စည်များကို ပိုမိုထုတ်လုပ်နေကြောင်း USTR က ပြောကြားခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အမေရိကန်နှင့် နှစ်နိုင်ငံအကြား ကုန်စည် ကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာ ၆.၁၅ ဘီလီယံ ပိုငွေရှိသဖြင့် ယင်းနိုင်ငံသည် ဖွဲ့စည်းမှုဆိုင်ရာ သာလွန်စွမ်းရည်နှင့် ထုတ်လုပ်မှုဆိုင်ရာ စွမ်းရည်များ၏ရှိသည့် နိုင်ငံဖြစ် ကြောင်း USTR က ပြောကြားခဲ့ပါသည်။ အဆိုပါနှစ်နိုင်ငံ ကုန်သွယ်မှု ပိုငွေသည် အထည်အလိပ်ကဏ္ဍရှိ ပို့ကုန်များမှဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရ အနေဖြင့် ပြည်တွင်းအထည်အလိပ်နှင့် သားရေထုတ်ကုန်များ အပါအဝင် ကဏ္ဍ ၄၃ ခုတွင် ပို့ကုန်အတွက် Cash incentives ပံ့ပိုးပေးခဲ့ပါသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဘိလပ်မြေလုပ်ငန်းသည် နှစ်ပေါင်းများစွာ အတွင်း ကျဆင်းခဲ့ရာ သာလွန်စွမ်းရည်အတွက် ရင်ဆိုင်နေရပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ အမျိုးသားအဆင့် ဘိလပ်မြေသုံးစွဲမှုသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၃၈ သန်းအထိ ကျဆင်းသွားခဲ့ရာ စုစုပေါင်း ဘိလပ်မြေသုံးစွဲမှု၏ ၄၀ ရာခိုင်နှုန်းအောက် သာရှိသဖြင့် ၂၀၂၅ ခုနှစ်တွင် ဆက်လက်ကျဆင်း သွားဖွယ်ရှိပါသည်။ အမေရိကန်သည် ကဏ္ဍများစွာတွင် ပြည်တွင်းထုတ်လုပ်မှုစွမ်းရည် သိသိသာသာ လျော့ကျခဲ့ပြီး ပြည်ပစီးပွားရေးပြိုင် ဘက်များအကြားတွင် စိုးရိမ်ဖွယ်ကောင်းအောင် နောက်ကျ ကျန်နေခဲ့ကြောင်း USTR မှ ပြောကြားခဲ့ပါသည်။

Source: https://www.thedailystar.net/business/news/us-launches-trade-investigation-bangladesh-others-trump-revives-tariffs-4126911

ဒေါ်ယမင်းသော်
လက်ထောက်ညွှန်ကြားရေးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## စွမ်းအင်စျေးနှုန်းမြင့်တက်လာမှုကို ထိန်းချုပ်ရန် အိမ်မှ အလုပ်လုပ်ခြင်းဖြင့် လေကြောင်း ခရီးရှောင်ခြင်းတို့ ပြုလုပ်ရန် IEA အဆိုပြု

အမေရိကန်-အစ္စရေးနှင့် အီရန်တို့အကြား ဖြစ်ပွားနေသည့် စစ်ပွဲကြောင့် ကမ္ဘာ့ရေနံနှင့် စွမ်းအင်စျေးနှုန်း စံချိန်တင်မြင့်တက်လာမှုကို ကုစားနိုင်ရန် စွမ်းအင်အသုံးပြုသူများအနေဖြင့် အိမ်မှအလုပ်လုပ်ခြင်း၊ မော်တော်ယာဉ် မောင်းနှင်နှုန်း လျှော့ချခြင်းနှင့် လေကြောင်းခရီးသွားလာမှု လျှော့ချခြင်းတို့ကို လုပ်ဆောင်ရန် နိုင်ငံတကာစွမ်းအင်အေဂျင်စီ (International Energy Agency- IEA) က ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် တိုက်တွန်းလိုက်ပါသည်။



IEA အမှုဆောင်ဒါရိုက်တာ ဖာတစ်ဘိုင်ရိုးလ်က အစိုးရများ၊ စီးပွားရေး လုပ်ငန်းများနှင့် အိမ်ထောင်စုများအနေဖြင့် အဝေးပြေး လမ်းမကြီးများတွင် မော်တော်ယာဉ် မောင်းနှင်နှုန်းကို တစ်နာရီလျှင် (၁၀) ကီလိုမီတာခန့်လျှော့ချမောင်းနှင်ရန်၊ အခြားသယ်ယူ ပို့ဆောင်ရေးနည်းလမ်းများ ရွေးချယ်စရာရှိမည်ဆိုလျှင် လေကြောင်းခရီးစဉ်ကို ရှောင်ကြဉ်ရန်၊ ဖြစ်နိုင်လျှင် အိမ်မှာနေပြီး အလုပ်လုပ်ကြရန် တိုက်တွန်း ခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်က စတင်ခဲ့သည့် ပဋိပက္ခများကြောင့် Brent ရေနံစိမ်းစျေးနှုန်းသည် စစ်ပွဲမတိုင်မီ (၇၀) ဒေါ်လာဝန်းကျင်မှ ယခု ၁၂၀ ဒေါ်လာအထိ မြင့်တက်သွားခဲ့ပြီး သဘာဝဓာတ်ငွေ့စျေးနှုန်းများသည်လည်း စျေး ၂ ဆကျော် အထိ မြင့်တက်လာခဲ့ပါသည်။ ၎င်းအခြေအနေကို ထိန်းညှိရန် IEA က ၎င်း၏ သမိုင်းတစ်လျှောက် အကြီးမားဆုံးသော ဆောင်ရွက်မှုအဖြစ် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် မဟာဗျူဟာမြောက် အရန်ရေနံသိုလှောင်မှုများထဲက ရေနံစည်ပေါင်း သန်း ၄၀၀ ထုတ်လွှတ်ပေးရန် သဘောတူညီခဲ့သည်ဟု သိရှိရပါသည်။

Source: https://npnewsmm.com/news/69bfaf189349185fc21d1e7c

ဒေါ်စန်းစန်းမာ
ဦးစီးအရာရှိ
ဖွံ့ဖြိုးမှုစီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ဗီယက်နမ်နှင့် ရုရှားတို့ စွမ်းအင်သဘောတူညီချက် လက်မှတ်ရေးထိုးမည်

အရှေ့အလယ်ပိုင်း စစ်ပွဲကြောင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုပြတ်တောက်မှုများကြားတွင် ဟန္ဒိုင်းသည် ၎င်း၏လောင်စာ ဆီသိုလှောင်မှုကို အားဖြည့်ရန် ကြိုးပမ်းနေစဉ် ဗီယက်နမ်ဝန်ကြီးချုပ်၏ ရုရှားခရီးစဉ်စတင်ခဲ့ခြင်းဖြစ်ပါသည်။ ဗီယက်နမ်ဝန်ကြီးချုပ်သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်အတွက် ထွက်ခွာသွားခဲ့ပြီး ယင်းခရီးစဉ်အတွင်း နှစ်နိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ဟန္ဒိုင်းကပြောကြားခဲ့ပါသည်။



အရှေ့အလယ်ပိုင်းစစ်ပွဲကြောင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုပြတ်တောက်မှုများကြားတွင် ဗီယက်နမ်သည် ၎င်း၏ လောင်စာဆီ သိုလှောင်မှုကို အားဖြည့်ရန် ကြိုးပမ်းနေစဉ် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရေနံအဓိက ထုတ်လုပ်သည့်နိုင်ငံသို့ ဝန်ကြီးချုပ် Pham Minh Chinh ၏ ခရီးစဉ်ထွက်ပေါ် လာခြင်းဖြစ်ပါသည်။ ၎င်း၏ခရီးစဉ်သည် ရုရှားနှင့်ဆက်ဆံရေးကို နက်ရှိုင်းစေပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် အဓိကထားမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရက ၂၀၂၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်သော ကြေညာချက်တွင် ပြောကြားခဲ့ပါသည်။

၎င်းခရီးစဉ်အတွင်း နျူကလီးယားဓာတ်အားပေးစက်ရုံ စီမံကိန်းများအပြင် စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့တွင် ပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အရေးကြီးသော သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဟန္ဒိုင်းမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သော နောက်ထပ် ကြေညာချက် တစ်စောင်တွင် ဖော်ပြထားပါသည်။

ကုန်သွယ်ရေး၊ စူးစမ်းရှာဖွေခြင်း၊ ထုတ်ယူခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်လေ့ကျင့်ပေးခြင်းစသည့် နယ်ပယ်အားလုံးတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်သွားပါမည်ဟု ၎င်းကထပ်လောင်း ပြောကြားခဲ့ပါသည်။ ဖေဖော်ဝါရီလ ကုန်ပိုင်းတွင် အမေရိကန်-အစ္စရေး အီရန်စစ်ပွဲ

စတင်ခဲ့ပြီး လောင်စာဆီဈေးနှုန်းများ မြင့်တက်ခြင်းနှင့် ကမ္ဘာတစ်ဝှမ်းတွင် လောင်စာဆီပြတ်လပ်မှုအပေါ် စိုးရိမ်မှုများဖြစ်ပေါ်စေခဲ့ပြီးနောက်ပိုင်း ထုတ်လုပ်ရေး ဗဟိုချက်ဖြစ်သော ဗီယက်နမ်တွင် 95-octane ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများသည် ၅၀ ရာခိုင်နှုန်းနှင့် ၇၀ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ပါသည်။

ဟန္တိုင်း၏အဆိုအရ Chinh သည် ကာတာ၊ ကူဝိတ်၊ အယ်လ်ဂျီးရီးယားနှင့် ဂျပန်အပါအဝင် နိုင်ငံအများအပြားမှ လောင်စာဆီ ထောက်ပံ့မှုကို တောင်းဆိုရန် မကြာသေးမီက ဖုန်းဖြင့် ဆွေးနွေးခဲ့ပါသည်။ ဗီယက်နမ်ဝန်ကြီးချုပ် Chinh သည် တနင်္လာနေ့တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး Mikhail Mishustin နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း မော်စကိုက ပြောကြားခဲ့ပါသည်။၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ရုရှားအစိုးရ၏ ကြေညာချက်အရ ၎င်းတို့သည် စွမ်းအင်နှင့်အခြား ကဏ္ဍများတွင် ပူးတွဲစီမံကိန်းများ အကောင်အထည်ဖော်ရန် အဓိကထား၍ "ရုရှား-ဗီယက်နမ် ကုန်သွယ်ရေးဆိုင်ရာကိစ္စ ရပ်များ"ကို ဆွေးနွေးကြမည် ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် Mishustin ၏ ဟန္တိုင်းခရီးစဉ်အတွင်း ရုရှားက "ဗီယက်နမ်တွင် အမျိုးသားနျူကလီးယား စွမ်းအင်လုပ်ငန်းတစ်ခု တည်ဆောက်ရာတွင်ပါဝင်ရန် အသင့်ရှိနေကြောင်း" ပြောကြားခဲ့ပြီး နှစ်နိုင်ငံသည် ပူးတွဲ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက် တစ်စောင်တွင် ဖော်ပြထားပါသည်။ နှစ်ဖက်စလုံးသည် ထိုအချိန်က နျူကလီးယားစွမ်းအင်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ပြီး Chinh က ၎င်း၏နိုင်ငံသည် ငါးနှစ်အတွင်း နျူကလီးယား ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့ပါသည်။

Source: https://www.globaltimes.cn/page/202502/1328151.shtml

ဒေါ်မေမြင့်ဖိုလ်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လောင်စာဆီမျှဝေရေး သဘောတူညီချက်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိ

စွမ်းအင်ထောက်ပံ့မှု ပြတ်တောက်ချိန်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးနိုင်မည့် စွမ်းအင်ခွဲဝေ သုံးစွဲရေးစီမံချက်ကို အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းအစီအမံသည် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများ ဆက်လက်ပြင်းထန်လာချိန်တွင် လောင်စာဆီ လိုအပ်ချက်ထက် အနည်းဆုံး ၁၀ ရာခိုင်နှုန်းနှင့်အထက် ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသော နိုင်ငံများသို့ အာဆီယံနိုင်ငံများက ရေနံနှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့က Taguig City တွင် ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ အတွင်းဝန် Allan Gepty က လာမည့်မေလတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးမတိုင်မီ အာဆီယံ လောင်စာဆီ ဖူလုံရေး သဘောတူစာချုပ် (Asean Petroleum Security Agreement APSA) ကို အပြီးသတ်နိုင်ရန် အာဆီယံစီးပွားရေး ဝန်ကြီးများအကြား သဘောတူ ညီမှုရရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။



အာဆီယံ လောင်စာဆီဖူလုံရေး သဘောတူစာချုပ် (APSA) အရ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် အရေးပေါ် အခြေအနေ ကြောင့် ရေနံထောက်ပံ့မှုတွင် သတ်မှတ် ချက်ထက် ကျော်လွန်သောပြတ်လပ်မှုနှင့် ကြုံတွေ့ရပါက အာဆီယံ ရေနံကောင်စီ (ASCOPE) အတွင်းရေးမှူးရုံးသို့ အကျပ်အတည်း ဖြစ်ပွားကြောင်း အသိပေး အကြောင်းကြားနိုင်ပြီး အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် အနည်းဆုံး ရက်ပေါင်း ၃၀ ဆက်တိုက် ပုံမှန်ပြည်တွင်းလိုအပ်ချက်ထက် အနည်းဆုံး ၁၀ ရာခိုင်နှုန်းခန့် လျော့နည်း ပြတ်လပ်မှုကို ကြုံတွေ့ရပါက အရေးပေါ်ပြတ်လပ်မှုဟု သတ်မှတ် နိုင်ပါသည်။

အကျပ်အတည်း ကြုံတွေ့နေရသောနိုင်ငံသည် အခြားအာဆီယံနိုင်ငံများ ထံမှ အကူအညီမတောင်းခံမီ ရေနံလိုအပ်ချက် လျှော့ချနိုင်ရေးအတွက် ရေနံသုံးစွဲမှု ကန့်သတ်ခြင်း၊ လောင်စာဆီ အမျိုးအစားပြောင်းလဲသုံးစွဲခြင်း၊ ဈေးနှုန်းအဆမတန် မြင့်တက်မှုမှ ကာကွယ်ခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်းအပါအဝင် ကာလတို စီမံချက်များကို ဦးစွာအကောင် အထည်ဖော်ရမည်ဖြစ်ပါသည်။

APSA ၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အဖွဲ့ဝင် နိုင်ငံအားလုံးသည် အကျပ်အတည်း ကြုံတွေ့နေသောနိုင်ငံ၏ ပုံမှန်ပြည်တွင်း လိုအပ်ချက် ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသော ပမာဏကို စုပေါင်းဝိုင်းဝန်း ပံ့ပိုးရ မည်ဖြစ်သည်။ ရေနံအရောင်းအဝယ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား အကူအညီပေးသည့် သဘော ဖြင့်သာ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် အကျိုးအမြတ်များ ရယူခြင်း မရှိစေရပါ။

ဖိလစ်ပိုင်သမ္မတမားကို့စ်ကလည်း ၎င်းတို့နိုင်ငံတွင် ရက်ပေါင်း ၅၀ မှ ၆၀ ခန့်အထိ သုံးစွဲနိုင်သော ရေနံလက်ကျန် အလုံအလောက်ရှိကြောင်း အာမခံထားပြီး အသေးစိတ်အားဖြင့် ဒီဇယ်သည် ၅၀.၅ ရက်စာ၊ လောင်စာဆီနှင့် ဓာတ်ဆီသည် တစ်မျိုးစီလျှင် ၅၁.၅ ရက်စာ၊ ရေနံဆီသည် ၆၇.၅ ရက်စာ၊ လေယာဉ်ဆီသည် ၅၈ ရက်စာနှင့် အိမ်သုံးဂတ်စ် (LPG) သည် ၂၉ ရက်စာခန့် အသီးသီး လက်ကျန် ရှိနေကြောင်း ပြောကြားခဲ့ပါသည်။

Source: https://asianews.network/asean-states-working-on-fuel-sharing-deal/

ဒေါ်ဆုရွှန်းလဲ့ခင်
ဒုတိယဦးစီးမှူး
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ဂျပန်တွင် ဓာတ်ဆီဆိုင်ရာထောက်ပံ့ကြေးများအတွက် ရန်ပုံငွေ ပို၍လိုအပ်လာနေ

ဂျပန်အစိုးရက ဓာတ်ဆီဆိုင်ရာ ထောက်ပံ့ကြေးများ ပေးရန်အတွက် ရန်ပုံငွေ ပိုမိုလိုအပ်လာမည်ဟု ယုံကြည်နေကြောင်း သိရှိခဲ့ရပါသည်။ အီရန်ပဋိပက္ခနှင့် ပတ်သက်သည့် စိုးရိမ်မှုများ တိုးလာသည့်အကြား ယခုအခါ အရာရှိများသည် အရန် ရန်ပုံငွေတစ်ခုကို အသုံးပြုရန်စီစဉ်နေကြပါသည်။ ထိုထောက်ပံ့ကြေးများသည် ပြီးခဲ့သည့်သီတင်းပတ်က အသက်ဝင် လာခဲ့ပါသည်။ ထို့ကြောင့် အစပိုင်းတွင် ယန်း ၂၈၀ ဘီလီယံမျှ တစ်နည်းအားဖြင့် အမေရိကန်ဒေါ်လာ ၁.၇ ဘီလီယံ ခန့်ရှိသော ရန်ပုံငွေကို အသုံးပြုခဲ့ပါသည်။

သို့ရာတွင် အစိုးရအနေဖြင့် ထောက်ပံ့ကြေးများကို ပို၍အချိန်ကြာကြာ ပေးအပ်နိုင်ရန်အတွက် နောက်ထပ်ရန်ပုံငွေများ လိုအပ်လာမည်ဟု ယုံကြည်နေကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့ပါသည်။ အရာရှိများက အရန်ရန်ပုံငွေ၏ ယန်း ၈၀၀ ဘီလီယံခန့် တစ်နည်းအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်ကို အသုံးပြုရန် စီစဉ်ထားပါသည်။ ထိုရန်ပုံငွေသည် ယခုလတွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွက်ဖြစ်ပြီး ထိုကဲ့သို့လုပ်ဆောင်ချက်သည် ထိုရန်ပုံငွေများကို လုံးဝနီးပါး ကုန်ဆုံးသွားစေမည်ဖြစ်ပါသည်။

ပြီးခဲ့သည့် သီတင်းပတ်က ပျမ်းမျှဓာတ်ဆီဈေးနှုန်းများသည် တစ်လီတာလျှင် ၁.၂ ဒေါ်လာဝန်းကျင်ခန့်အထိ စံချိန်တင် အမြင့်ဆုံးကို ရောက်ရှိခဲ့ပါသည်။ ထောက်ပံ့ကြေးများသည် ဈေးနှုန်းကို အမြင့်ဆုံး တစ်လီတာကို ၁ ဒေါ်လာ ပတ်ဝန်းကျင် အနေအထားတွင် ရှိနေစေရန် ရည်ရွယ်ထားပါသည်။ ဒီဇယ်ဆီ၊ စက်သုံးဆီနှင့် ရေနံဆီများအတွက် အလားတူအစီအစဉ် တစ်ခုကို ကျင့်သုံးနေပါသည်။

Source: https://www3.nhk.or.jp/nhkworld/my/news/20260 323B2/

ဦးသူရိန်ကိုကို
ဒုတိယဦးစီးမှူး
အာရှနှင့်အမေရိကဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဗြိတိန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ပိုမိုမြင့်တက်လာခဲ့

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားကုန်စည်ဈေးနှုန်းများ မြင့်တက်လာသဖြင့် ဗြိတိန်၏ ငွေကြေးဖောင်းပွမှု ပိုမိုမြင့်တက်လာပြီး နိုင်ငံ၏စီးပွားရေး တိုးတက်မှုကို နှောင့်နှေးစေခဲ့သည်။ စီးပွားရေးမောင်းနှင်အား ကျဆင်းနေချိန်တွင် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများသည် လာမည့်ကာလများတွင် ပိုမိုဖိအားပေးခံရမည်ဟု လေ့လာသုံးသပ်သူများက ပြောဆိုနေကြသည်။




British Retail Consortium (BRC) မှ ပြုလုပ်ခဲ့သော စစ်တမ်းအရ ဗြိတိန်နိုင်ငံ၏ စားသုံးသူများ၏ ဝယ်လိုအားသည် မတ်လတွင် ကျဆင်းသွားခဲ့သည်။ ဗြိတိန်နိုင်ငံ၏ ကုန်ပစ္စည်းဈေးနှုန်းမြင့်တက်မှုသည် ၂၀၂၄ ခုနှစ်တွင် လျော့ကျခဲ့ပြီး ငွေကြေးဖောင်းပွမှု မြင့်မားလာသည့် ၂၀၂၆ ခုနှစ်အစောပိုင်းတွင် အသင့်အတင့် ရှိနေခဲ့သည်။ အမျိုးသားစာရင်းအင်းရုံး၏ အချက်အလက်များအရ နိုင်ငံ၏ စားသုံးသူဈေးနှုန်း ညွှန်းကိန်း (CPI) သည် ဖေဖော်ဝါရီလတွင် ယခင်နှစ်ထက် ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

"ယူကေကုမ္ပဏီများသည် အရှေ့အလယ်ပိုင်းရှိ အကျပ်အတည်း၏ စီးပွားရေးသက်ရောက်မှုကို အထူးသဖြင့် ကြုံတွေ့ရပြီး ကျွန်ုပ်တို့၏ လျှပ်စစ်ဓာတ်အားဈေးနှုန်းများသည် ကမ္ဘာ့ဓာတ်ငွေ့ဈေးနှုန်းများနှင့် တင်းကျပ်စွာ ချိတ်ဆက်ထားခြင်းကြောင့်ဖြစ်သည်" ဟု British Chambers of Commerce (BCC) မှ သုတေသနမန်နေဂျာ Stuart Morrison က ပြောကြားခဲ့သည်။

British Retail Consortium (BRC) မှ စီးပွားရေးပညာရှင် Harvir Dhillon က "အရှေ့အလယ်ပိုင်းတွင် မြင့်တက်လာသော ပထဝီနိုင်ငံရေး တင်းမာမှုများသည် စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကို မြင့်တက်စေနိုင်ပြီး စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဖိအားများ ပိုမိုဖြစ်စေနိုင်သည်" ပြော

ကြားခဲ့သည်။

အများပြည်သူမူဝါဒ သုတေသနအဖွဲ့အစည်းမှ အကြီးတန်းစီးပွားရေး ပညာရှင် William Ellis က "အစိုးရအနေဖြင့် ကုန်ကျစရိတ်များကို ကန့်သတ်ခြင်း သို့မဟုတ် အခြားဘဏ္ဍာရေးဆိုင်ရာ အစီအမံများဖြင့် စွမ်းအင်ဈေးကွက်များတွင် တိုက်ရိုက် ဝင်ရောက်စွက်ဖက်ရန် ပြင်ဆင်ထားသင့်ပြီး အနာဂတ်တွင် နိုင်ငံ၏ ထိခိုက်လွယ်မှုကို လျှော့ချရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ စတင်အသုံးပြုမှုကို အရှိန်မြှင့်တင်သင့်ကြောင်း" ထပ်လောင်းပြောကြားခဲ့သည်။

Source: https://english.news.cn/europe/20260331/4c612b9a387e47ea951f01caf8e78d24/c.html

ဒေါ်အိသက်ခိုင်
ဦးစီးအရာရှိ
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

## အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ခဲ့

အာဆီယံအတွင်းရေးမှူးရုံးတွင် ကျင်းပသော ၂၇ ကြိမ်မြောက် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACJCC) အစည်းအဝေးတွင် အာဆီယံနှင့် တရုတ်နိုင်ငံ တို့သည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) အား ပိုမို မြှင့်တင်ရန် ကတိကဝတ်များကို အတည်ပြုခဲ့ကြသည်။

အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးကြိုးပမ်းမှုများနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် အာဆီယံ၏အဓိက အခန်းကဏ္ဍကို တရုတ်နိုင်ငံက ထောက်ခံကြောင်း ထပ်မံအတည်ပြုပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် အိမ်နီးချင်း သံတမန်ဆက်ဆံရေး၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အာဆီယံနှင့် ဆက်ဆံရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း အလေးပေးပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးအတွင်း အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်သုံးရပ်တွင် သိသာထင်ရှားသောတိုးတက်မှုကို မှတ်တမ်းတင်ထားသည့် လုပ်ငန်းအစီအစဉ် Plan of Action (POA) ၂၀၂၁-၂၀၂၅ ပြီးစီးမှုနှင့် အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP)အား မှတ်တမ်းတင်ခဲ့သည်။




အစည်းအဝေးသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ခဲ့သော အာဆီယံ-တရုတ် လုပ်ငန်းအစီအစဉ် POA (၂၀၂၆-၂၀၃၀) ကို ဆက်လက်အကောင်အထည် ဖော်နေခြင်းကို ထောက်ခံခဲ့ပြီး အပြန်အလှန်အကျိုးရှိသော စီးပွားရေးနယ်ပယ် များတွင် အားကောင်းစေရန် အဓိကမူဘောင်အဖြစ် ဆောင်ရွက်နေခြင်းကိုလည်း ထောက်ပြခဲ့သည်။ အာဆီယံ-တရုတ် လုပ်ငန်းအစီအစဉ် POA တွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှု၊ သိပ္ပံနှင့်နည်းပညာ၊ ဉာဏ်ရည်တု (AI)၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေး၊ မီဒီယာနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကဲ့သို့သော နယ်ပယ်အမျိုးမျိုးတွင် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ်သည် အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက် ဆက်ဆံရေး CSP ၏ ငါးနှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး၊ အာဆီယံ-တရုတ် ပူးပေါင်း ဆောင်ရွက်မှု၏ အရေးပါမှုကိုလည်း အလေးပေးပြောကြားခဲ့သည်။ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်ရေးဇုန် (ACFTA) 3.0 နှင့် ဒေသတွင်းဘက်စုံ စီးပွားရေးမိတ်ဖက်ဆက်ဆံရေး (RCEP) သဘောတူညီချက်တို့အား ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အားကောင်းစေခြင်း၊ ထောက်ပံ့ရေး ကွင်းဆက်အားမြှင့်တင်ခြင်း၊ စွမ်းအင်လုံခြုံရေးကိုမြှင့်တင်ခြင်း၊ AI နှင့် ဒီဂျစ်တယ်အသွင်ပြောင်းမှုကိုမြှင့်တင်ခြင်းနှင့် ပြည်သူချင်းအသိပညာ ဖလှယ်မှုများသည် လည်းပိုမိုအားကောင်းလာမည်ဖြစ်သည်။

Source: https://asean.org/asean-and-china-reinforce-commitment-to-deepening-comprehensive-strategic-partnership/

ဒေါ်ဆုအိမ်သူ
ဒုတိယဦးစီးမှူး
e-Government ဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

## ယူကေတွင် ဆယ်ကျော်သက်များအတွက် ဆိုရှယ်မီဒီယာ ပိတ်ပင်ရန် အဆိုပြုချက် ပယ်ချခံရပြီးနောက် ကလေးသူငယ် ဘေးကင်းလုံခြုံရေး ပိုမိုတင်းကျပ်ရန် တိုက်တွန်း

အသက် ၁၆ နှစ်အောက် ကလေးငယ်များအတွက် ဆိုရှယ်မီဒီယာ အသုံးပြုခွင့်ကို အလုံးစုံ ပိတ်ပင်ရန် အဆိုပြုချက်ကို ယူကေနိုင်ငံရှိ ဥပဒေပြုအမတ်များက ပယ်ချလိုက် ပြီးနောက်၊ ပလက်ဖောင်းပေါ်တွင် ကလေးသူငယ်များအတွက် ပိုမိုတင်းကျပ်သော ကာကွယ်စောင့်ရှောက်မှုများ လုပ်ဆောင်ရန် ယူကေ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကမ္ဘာ့ဆိုရှယ်မီဒီယာ လုပ်ငန်းစုကြီးများ တောင်းဆိုလိုက်သည်။ အွန်လိုင်း ဘေးကင်း လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် Ofcom နှင့် ပြန်ကြားရေး ကော်မရှင်နာရုံး (ICO) တို့က YouTube၊ TikTok၊ Facebook၊ Instagram နှင့် Snapchat တို့ထံ ၁၉.၃.၂၀၂၆ (ကြာသပတေး) နေ့တွင် စာရေးသား ပေးပို့ခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပေးစာတွင် အသက်အရွယ် စိစစ်အတည်ပြုသည့် စနစ်များကို တင်းကျပ်စွာ ကျင့်သုံးရန်နှင့် ပလက်ဖောင်းများပေါ်တွင် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့် ချဉ်းကပ်ဖြားယောင်းမှု (Child Grooming) များအား ကိုင်တွယ်ဖြေရှင်းရန်အပါအဝင် ကလေးသူငယ် ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန် တိုက်တွန်းထားပါသည်။ ဗြိတိန်လွှတ်တော် အမတ်များသည် ယခုလအစောပိုင်းက ဆွေးနွေးခဲ့သည့် ကလေးသူငယ်ဖူလုံရေး ဥပဒေကြမ်းတွင် အသက် ၁၆ နှစ်အောက်ကလေးများအား ဆိုရှယ်မီဒီယာ သုံးစွဲခွင့် ပိတ်ပင် တားမြစ်မည့် အဆိုပြုချက်ကို ကန့်ကွက်မဲပေးခဲ့ကြပြီးနောက် ယခုကဲ့သို့ တိုက်တွန်းချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

ယူကေအစိုးရသည် ကလေးသူငယ်များ၏ လူမှုကွန်ရက် အသုံးပြုမှုနှင့် ပတ်သက်၍ လူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီ ဖြစ်သည်။ ၎င်းအစီအစဉ်တွင် လူမှုကွန်ရက် အသုံးပြုခွင့်ကို လုံးဝပိတ်ပင်ခြင်းသည် ထိရောက်ခြင်း ရှိ၊ မရှိနှင့် ပတ်သက်၍ မိဘများနှင့် လူငယ်များ၏ အမြင်သဘောထားများကို စုဆောင်းသွားမည်ဖြစ်သည်။ ဥရောပတစ်လွှားရှိ အစိုးရများသည်လည်း လူငယ်များ၏ လူမှုကွန်ရက် အသုံးပြုမှုကို ကန့်သတ်ရန် ပိုမိုတင်းကျပ်သော စည်းမျဉ်းများကို

စဉ်းစားလျက်ရှိသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ဩစတြေးလျနိုင်ငံသည် အသက် ၁၆ နှစ်အောက် ကလေးများအတွက် လူမှုကွန်ရက် အသုံးပြုမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပထမဦးဆုံး ပိတ်ပင်ခဲ့သည့် နိုင်ငံဖြစ်လာခဲ့သည်။ လက်ရှိတွင် စပိန်၊ ပြင်သစ်နှင့် ဒိန်းမတ်နိုင်ငံတို့သည်လည်း အလားတူ တားမြစ်ပိတ်ပင်မှုများ ပြုလုပ်ရန် စတင်ပြင်ဆင်နေကြကြောင်းသိရသည်။



ကလေးသူငယ်များကို လူမှုမီဒီယာ ပလက်ဖောင်းများပေါ်မှ ဖယ်ထုတ်ရန် မည်သို့ ဆောင်ရွက်နေသည်ကို အစီရင်ခံတင်ပြရန် လူမှုမီဒီယာကုမ္ပဏီများထံ စာရေးသား ပေးပို့လိုက်ပြီး၊ အနည်းဆုံး အသက်ကန့်သတ်ချက် သတ်မှတ်ချက်များကို ပိုမိုတင်းကျပ်စွာ ကျင့်သုံးရန်၊ သူစိမ်းများမှ ကလေးသူငယ်များထံသို့ ဆက်သွယ်နိုင်ခြင်းကို တားဆီးရန်၊ ဆယ်ကျော်သက်များအတွက် ပိုမိုဘေးကင်းသော အကြောင်းအရာများ ဖန်တီးပေးရန်နှင့် ကလေးသူငယ်များအပေါ် AI ကဲ့သို့သော နည်းပညာသစ်များ စမ်းသပ်ခြင်းကို ရပ်တန့်ရန် အချက်များကို ဧပြီလ ၃၀ ရက်နေ့ နောက်ဆုံးထား အကြောင်းပြန်ရန် တောင်းဆိုထားပါသည်။

နည်းပညာကုမ္ပဏီကြီးများ၏ ထုတ်ကုန်များသည် ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံမှုကို ပျက်ကွက်နေပြီး အွန်လိုင်းမှ ကလေးများကို ကာကွယ်ပေးမည့် ကတိကဝတ်များကို လိုက်နာနိုင်ခြင်း မရှိသေးကြောင်းနှင့် ထိရောက်သည့် အသက်အရွယ်စစ်ဆေးမှုနှင့် မှန်ကန်သည့် ကာကွယ်မှုများမရှိခဲ့လျှင် ကလေးသူငယ်များအနေဖြင့် ဝန်ဆောင်မှုများကြားတွင် အမြဲတမ်းအန္တရာယ်များနှင့် ကြုံတွေ့မည်ဖြစ်ကြောင်း Ofcom ၏ အမှုဆောင်အရာရှိချုပ် Melanie Dawes မှ ထောက်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် ICO ကလည်း အိတ်ဖွင့်ပေးစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ထိုစာတွင် လူမှုမီဒီယာပလက်ဖောင်း များအနေဖြင့် အသက်အရွယ်ကို ပိုမိုတိကျစွာ စစ်ဆေးနိုင်ရန် မျက်နှာသွင်ပြင်မှတစ်ဆင့် အသက်ခန့်မှန်းခြင်း (Facial Age Estimation)၊ ဒီဂျစ်တယ် သက်သေခံကတ် (Digital ID) သို့မဟုတ်

တစ်ကြိမ်သုံး ဓာတ်ပုံတိုက်ဆိုင်စစ်ဆေးခြင်း (One-time Photo Matching) စသည့် နည်းလမ်းများကို အသုံးပြုရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

အသုံးပြုသူများအနေဖြင့် ပလက်ဖောင်းအများစုတွင် အသက်ဖော်ပြသည့် (Self-declaration) နည်းလမ်းကိုသာ အဓိကအားကိုးနေကြပြီး၊ ၎င်းမှာ အလွယ်တကူလှည့်စားနိုင်ကာ ထိရောက်မှုမရှိကြောင်းသိရသည်။ အဆိုပါ အားနည်းချက်များကြောင့် ICO ၏ အမှုဆောင်အရာရှိချုပ် Paul Arnold သည် အသက် ၁၃ နှစ်အောက်ကလေးများ၏ အချက်အလက်များကို တရားမဝင်စုဆောင်း အသုံးပြုခြင်းမျိုးများ ဖြစ်လာနိုင်ပြီး၊ ကလေးများအနေဖြင့် ရသင့်ရထိုက်သော ကာကွယ်စောင့်ရှောက်မှုများ မရဘဲ အန္တရာယ်ဖြစ်စေနိုင်ကြောင်း အိတ်ဖွင့်ပေးစာတွင် သတိပေးထားသည်။

၎င်းမှ ဆက်လက်ပြီး လူထု၏ စိုးရိမ်ပူပန်မှုတွေ တိုးပွားလာသည်နှင့်အမျှ လက်ရှိအခြေအနေသည် ထိရောက်မှုရှိမည်မဟုတ်ကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် ကလေးများအတွက် ကာကွယ်ရန် ယခုထက်ပိုပြီး လုပ်ဆောင်ရမည်ဖြစ်ပြီး သတ်မှတ်အသက်အရွယ် မပြည့်သေးသည့် ကလေးများကို အသုံးပြုချမှုမှ တားဆီးရန်အတွက် လက်ရှိအသုံးပြုနိုင်သည့် နည်းပညာများကို ချက်ချင်းရှာဖွေဖော်ထုတ်၍ အကောင်အထည် ဖော်ရမည်ဖြစ်ကြောင်း တိုက်တွန်းခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ ဆိုရှယ်မီဒီယာ ပိတ်ပင်ကန့်သတ်ချက်ကို လိုက်နာသည့် အနေဖြင့် **Meta** ကုမ္ပဏီသည် ပထမရက်ပိုင်းအတွင်းမှာပင် အသက် ၁၆ နှစ်အောက်ဟု ယူဆရသည့် **Instagram**၊ **Facebook** နှင့် **Threads** အကောင့်ပေါင်း ၅ သိန်းခန့်ကို ပိတ်ပင်လိုက်သည်။ သို့သော်လည်း ယခုကဲ့သို့ အလုံးစုံပိတ်ပင်ခြင်းသည် လူငယ်များကို ဥပဒေအား ရှောင်လွှဲရန်နှင့် လုံခြုံရေးအကာအကွယ်မဲ့သည့် ဆိုရှယ်မီဒီယာများသို့ ရောက်ရှိသွားစေနိုင်သောကြောင့် အစိုးရအနေဖြင့် ပြန်လည်စဉ်းစားပေးရန် Meta က တောင်းဆိုထားသည်။ တစ်ဖက်တွင်လည်း Instagram သည် လူငယ်များအနေဖြင့် သတ်သေခြင်း သို့မဟုတ် မိမိကိုယ်ကို နာကျင်စေခြင်းဆိုင်ရာ စကားလုံးများကို အချိန်ကာလခနအတွင်း ထပ်တလဲလဲ ရှာဖွေပါက မိဘများထံ အကြောင်းကြား ပေးမည့်စနစ်ကို ကျင့်သုံးတော့မည်ဖြစ်သည်။

အခြားတစ်ဖက်တွင် Meta နှင့် Alphabet ကုမ္ပဏီတို့အပေါ် စွဲဆိုထား

သည့် တရားစွဲဆိုမှုတစ်ခုမှာ ဇန်နဝါရီလတွင် စတင်ခဲ့သည်။ ယင်းအမှု သည် Instagram နှင့် YouTube တို့၏ ဒီဇိုင်းပုံစံများသည် စွဲလမ်းမှုကို ဖြစ်စေသည်ဟု စွပ်စွဲထားသည့် အမျိုးသမီးငယ်တစ်ဦးနှင့် သူမ၏မိခင်တို့က တရားစွဲဆိုထားခြင်းဖြစ်သည်။ Meta စီအီးအို **Mark Zuckerberg** နှင့် Instagram စီအီးအို **Adam Mosseri** တို့သည် ထွက်ဆိုချက်များ ပေးထားပြီးဖြစ်ကာ မတ်လလယ်တွင် အမိန့်ချမှတ်ရန် မျှော်လင့်ရသည်။ ဤအမှု၏ ရလဒ်သည် လူငယ်အသုံးပြုသူများအပေါ် ဆိုရှယ်မီဒီယာကုမ္ပဏီများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ စံနမူနာအသစ်တစ်ခု ဖြစ်လာနိုင်ပါသည်။

ဥရောပသမဂ္ဂတွင်လည်း Elon Musk ၏ **X** (ယခင် Twitter) ပလက်ဖောင်းရှိ **Grok** AI chatbot မှတစ်ဆင့် ကလေးသူငယ်ဆိုင်ရာ လိင်ပိုင်းဆိုင်ရာ အချက်အလက်များ ပျံ့နှံ့နေမှုအပေါ် ဥရောပကော်မရှင်က ဇန်နဝါရီလတွင် စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့သည်။ ထို့အပြင် **Reddit** သည်လည်း ကလေးသူငယ်များ၏ ကိုယ်ရေးအချက်အလက်များကို တရားမဝင် ရယူအသုံးပြုမှုကြောင့် ဖေဖော်ဝါရီလတွင် ဗြိတိန်သတင်းအချက်အလက် ကော်မရှင်နာရုံးမှ ပေါင် ၁၄ သန်း (ဒေါ်လာ ၁၈ သန်းခန့်) ဒဏ်ရိုက်ခြင်းခံခဲ့ရသည်။

Source: https://www.cnbc.com/2026/03/12/social-media-uk-children-protection.html

ဒေါ်လှိုင်ရွှေစင်ထွန်း
ဒုတိယဦးစီးမှူး
ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm